# ပြည်တွင်းအခွန်များဦးစီးဌာန၏ အသိပေးကြေညာချက်

## "ကုန်သွယ်လုပ်ငန်းခွန် ကျသင့်ခြင်းနှင့် ခုနှိမ်ခွင့်များဆိုင်ရာသိကောင်းစရာများ" (၃/၂၀၁၇)

### ၁။ စာစောင်၏ရည်ရွယ်ချက်

စာစောင်၏ရည်ရွယ်ချက်မှာ လုပ်ငန်းရှင်များအနေဖြင့် မိမိတို့ဆောင်ရွက်နေသည့် စီးပွားရေးလုပ်ငန်းများအပေါ် ကုန်သွယ်လုပ်ငန်းခွန်ကျသင့်ခြင်းရှိ/မရှိနှင့် မိမိတို့ပေးဆောင်ခဲ့ပြီးသည့် ကုန်သွယ်လုပ်ငန်းခွန်များအပေါ် ခုနှိမ်ပေးဆောင်နိုင်စေရန်အတွက် လိုက်နာရမည့်အချက်အလက်များကို သိရှိစေရန် ရည်ရွယ်ပါသည်။

### ၂။ ကုန်သွယ်လုပ်ငန်းခွန်နှင့်ပတ်သက်၍ သိသင့်သည့်အချက်များ

ကုန်သွယ်လုပ်ငန်းခွန်ဥပဒေကို ၁၉၉၀ ပြည့်နှစ်တွင် ပြဋ္ဌာန်းခဲ့ပြီး၊ နိုင်ငံပိုင်၊ သမဝါယမနှင့် ပုဂ္ဂလိက ကဏ္ဍ(၃)ရပ်လုံးအပေါ်တွင် အကျိုးသက်ရောက်ပါသည်။ ဝင်ငွေခွန်ကဲ့သို့ အခွန်ပေးဆောင်ရမည့်သူထံမှ တိုက်ရိုက်ကောက်ခံသည့် တိုက်ရိုက်ခွန်အမျိုးအစားတွင် ပါဝင်ခြင်းမရှိပါ။ အခွန်ပေးဆောင်သူများထံမှ အခွန်ငွေကို ကုန်စည်ထုတ်လုပ်ရောင်းချသူ၊ ကုန်စည်တင်သွင်းရောင်းချသူ၊ ကုန်သွယ်မှုဆောင်ရွက်သူနှင့် ဝန်ဆောင်မှုလုပ်ငန်းလုပ်ကိုင်သူများက တစ်ဆင့်ကောက်ခံသည့် သွယ်ဝိုက်ခွန်အမျိုးအစား ဖြစ်ပါသည်။

### ၃။ ကုန်သွယ်လုပ်ငန်းခွန်ပေးဆောင်ရမည့် လုပ်ငန်းအမျိုးအစားများ

မည်သူမဆို အောက်ပါဆောင်ရွက်ချက်များလုပ်ဆောင်ပါက ကုန်သွယ်လုပ်ငန်းခွန်ကို ပေးဆောင်ရမည်ဖြစ်ပါသည်-

(က) ပြည်တွင်း၌ ကုန်စည်ထုတ်လုပ်ရောင်းချခြင်း၊

( ခ ) ပြည်တွင်း၌ ကုန်သွယ်မှုဆောင်ရွက်ခြင်း၊

( ဂ ) ပြည်တွင်း၌ ဝန်ဆောင်မှုဆောင်ရွက်ခြင်း၊

(ဃ) ပြည်ပမှ ကုန်စည်တင်သွင်းခြင်း၊

( င ) ပြည်ပသို့ ကုန်စည်တင်ပို့ခြင်း၊

### ၄။ ကုန်သွယ်လုပ်ငန်းခွန်ပေးဆောင်ရန်တာဝန်ရှိသူများ

(က) ပြည်ပမှကုန်စည်တင်သွင်းခြင်းဖြစ်ပါက ကုန်စည်တင်သွင်းသူက ကုန်သွယ်လုပ်ငန်းခွန် ပေးဆောင်ရပါမည်။

(ခ) ကုန်စည်ထုတ်လုပ်ရောင်းချသူ၊ ကုန်သွယ်မှုဆောင်ရွက်သူ၊ ကုန်စည်တင်သွင်းရောင်းချသူ၊ ဝန်ဆောင်မှုဆောင်ရွက်သူတို့က ကုန်စည်ဝယ်ယူသူ၊ ဝန်ဆောင်မှုရယူသူထံမှ ကျသင့်တန်ဖိုးနှင့်အတူ ကုန်သွယ်လုပ်ငန်းခွန်ကို တစ်ပါတည်းကောက်ခံ၍ ပေးဆောင်ရမည်ဖြစ်ပါသည်။ သို့ရာတွင် ထုတ်လုပ်ရောင်းချသူ၊ ကုန်သွယ်မှုဆောင်ရွက်သူ၊ ဝန်ဆောင်မှုဆောင်ရွက်သူ

သည် ကုန်သွယ်လုပ်ငန်းခွန်လုပ်ငန်းရှင် မှတ်ပုံတင်လက်မှတ် ပတခ(ကသခ)-၂ ရှိမှသာ ကုန်သွယ်လုပ်ငန်းခွန်အား ကောက်ခံနိုင်မည်ဖြစ်ပါသည်။

**၅။ ကုန်သွယ်လုပ်ငန်းခွန်ကျသင့်သည့်လုပ်ငန်းများနှင့် မကျသင့်သည့်လုပ်ငန်းများ**

**(က) ကုန်စည်များနှင့်ဝန်ဆောင်မှုများကို အမျိုးအမည်သတ်မှတ်ဖော်ပြ၍ ကုန်သွယ်လုပ်ငန်းခွန် မကျသင့်စေခြင်း**

ပြည်ထောင်စု၏အခွန်အကောက်ဥပဒေအရ နှစ်စဉ်သတ်မှတ်ပြဋ္ဌာန်းသည့် ကုန်သွယ်လုပ်ငန်းခွန်မကျသင့်သည့်ကုန်စည်များအား တင်သွင်းခြင်းနှင့်/ဝယ်ယူ/ထုတ်လုပ်/ရောင်းချသည့် လုပ်ငန်းရှင်များနှင့် ဝန်ဆောင်မှုများဆောင်ရွက်သည့် လုပ်ငန်းရှင်များအနေဖြင့် ကုန်သွယ်လုပ်ငန်းခွန် လုပ်ငန်းရှင်မှတ်ပုံတင်ရန်မလိုအပ်ပါ။

**(ခ) ရောင်းရငွေနှင့်ဝန်ဆောင်မှုရငွေများ၏ ပမာဏသတ်မှတ်ဖော်ပြ၍ ကုန်သွယ်လုပ်ငန်းခွန် မကျသင့်စေခြင်း**

ပြည်ထောင်စု၏အခွန်အကောက်ဥပဒေအရ နှစ်စဉ်သတ်မှတ်ပြဋ္ဌာန်းသည့် ကုန်သွယ်လုပ်ငန်းခွန်မစည်းကြပ်ထိုက်သည့် ရောင်းရငွေ/ရငွေပြည့်မီခြင်း မရှိသူများအနေဖြင့်လည်း ကုန်သွယ်လုပ်ငန်းခွန်ပေးဆောင်ရန်မလိုပါ။

**(ဂ) ပြည်ပသို့ကုန်စည်တင်ပို့ခြင်း**

၂၀၁၇ ခုနှစ် ပြည်ထောင်စု၏အခွန်အကောက်ဥပဒေအရ ပြည်ပသို့တင်ပို့သည့် လျှပ်စစ်ဓါတ်အားခအပေါ် *၈%* နှင့် ရေနံစိမ်းအပေါ် *၅%* ကုန်သွယ်လုပ်ငန်းခွန်ကျသင့်ပြီး၊ ကျန်ကုန်စည်များအနေဖြင့် ***သုည*** ရာခိုင်နှုန်းသာ ကုန်သွယ်လုပ်ငန်းခွန်ကျသင့်ပါသည်။

**၆။ လုပ်ငန်းအလိုက်ခုနှိမ်ခွင့်ရှိသည့် ပေးဆောင်ပြီး ကုန်သွယ်လုပ်ငန်းခွန်များ**

( က ) **ကုန်ထုတ်လုပ်သူသည်** မိမိထုတ်လုပ်သည့် ကုန်စည်ရောင်းချမှုအပေါ် ကျသင့်သည့် ကုန်သွယ်လုပ်ငန်းခွန်မှ ဘဏ္ဍာရေးနှစ်အတွင်း ယင်းကုန်စည်ထုတ်လုပ်မှုလုပ်ငန်းအလို့ငှာ ပေးဆောင်ခဲ့ရသည့် အောက်ဖော်ပြပါ ကုန်သွယ်လုပ်ငန်းခွန်များကို ခုနှိမ်နိုင်သည် -

(၁) ပြည်ပမှ ကိုယ်တိုင်ဝယ်ယူတင်သွင်းသောကုန်စည်များ၏ ကုန်းပေါ်ရောက်တန်ဖိုး အပေါ် ပေးဆောင်ခဲ့ရသည့် ကုန်သွယ်လုပ်ငန်းခွန်၊

( ၂) အခြားကုန်ထုတ်လုပ်သူထံမှဖြစ်စေ၊ ကုန်သွယ်မှုလုပ်ငန်းဆောင်ရွက်သူထံမှဖြစ်စေ၊ ပြည်ပမှ ကုန်စည်တင်သွင်းသူထံကဖြစ်စေ ဝယ်ယူသောကုန်စည်များအတွက် ကုန်စည် တန်ဖိုးနှင့်အတူ ပေးဆောင်ခဲ့ရသော ကုန်သွယ်လုပ်ငန်းခွန်၊

(၃) ကုန်စည်ထုတ်လုပ်မှုလုပ်ငန်းအတွက် ရယူခဲ့ရသော ဝန်ဆောင်မှုလုပ်ငန်းများတွင် ဝန်ဆောင်မှုရငွေနှင့်အတူ ပေးဆောင်ခဲ့ရသောကုန်သွယ်လုပ်ငန်းခွန်၊

(ဥပမာ- ပလပ်စတစ်ပိုက်များထုတ်လုပ်ရောင်းချသည့် ကုန်ထုတ်လုပ်သည့်လုပ်ငန်းပိုင်ရှင် ဦးကျော်သည် လုပ်ငန်းလုပ်ကိုင်ရန် စက်ရုံနှင့် မြေနေရာငှားရမ်းခြင်း၊ ပြည်ပမှ စက်များနှင့် သယ်ယူပို့ဆောင်နိုင်ရန် ကားများတင်သွင်းခြင်း၊ ပလပ်စတစ်ပိုက်တွင် အသုံးပြုမည့် အရောင်တင်အမှုန့်များ/ထည့်ဝင်ပစ္စည်းများတင်သွင်းခြင်း၊ ပြည်တွင်း၌ ကော်စေ့များဝယ်ယူခြင်း၊ အခြားထုတ်လုပ်သူတစ်ဦးထံမှ တစ်ပိုင်းတစ်စကုန်ချောများဝယ်ယူခြင်း ပြုလုပ်ခဲ့ပါသည်။

ယင်း၏ ပလပ်စတစ်ပိုက်ထုတ်လုပ်ရောင်းချရာတွင် ကျသင့်သည့်ကုန်သွယ်လုပ်ငန်းခွန်မှ ယင်းလုပ်ငန်းအတွက်ကုန်ကျခဲ့ရသည့် ငှားရမ်းခြင်း/ဝယ်ယူခြင်း/တင်သွင်းခြင်းတို့တွင် ပေးခဲ့ရသည့် ကုန်သွယ်လုပ်ငန်းခွန်များကို ခုနှိမ်ခွင့်ပေးရမည်ဖြစ်သော်လည်း မတည်ပစ္စည်းဖြစ်သည့်စက်များနှင့် ကားများအတွက် ပေးဆောင်ခဲ့ရသည့်ကုန်သွယ်လုပ်ငန်းခွန်ကို ခုနှိမ်ခွင့်မရှိပါ။ လုပ်ငန်း၏လက်ကျန်ရှင်းတမ်းရှိ ပုံသေပိုင်ပစ္စည်းစာရင်းတွင် မူရင်းတန်ဖိုးနှင့်အတူ ပေးဆောင်ခဲ့ရသည့် ကုန်သွယ်လုပ်ငန်းခွန်ကိုပါ ပေါင်း၍ဖော်ပြရမည်ဖြစ်ပြီး၊ ယင်းအတွက် နှစ်အလိုက် တန်ဖိုးလျော့ကိုသာ ခံစားပိုင်ခွင့် ရှိပါသည်။)

(ခ) **ပြည်ပမှကုန်စည်တင်သွင်းသူနှင့် ကုန်သွယ်မှုဆောင်ရွက်သူသည်** မိမိရောင်းချသည့် ကုန်စည်အပေါ်ကျသင့်သည့် ကုန်သွယ်လုပ်ငန်းခွန်မှ ဘဏ္ဍာရေးနှစ်အတွင်း ယင်းကုန်သွယ်မှုလုပ်ငန်းအလို့ငှာ ပေးဆောင်ခဲ့ရသည့် အောက်ဖော်ပြပါ ကုန်သွယ်လုပ်ငန်းခွန်များကို ခုနှိမ်နိုင်သည်-

- (၁) ပြည်ပမှ ကိုယ်တိုင်ဝယ်ယူတင်သွင်းသောကုန်စည်များ၏ ကုန်းပေါ်ရောက်တန်ဖိုးအပေါ် ပေးဆောင်ခဲ့ရသည့် ကုန်သွယ်လုပ်ငန်းခွန်၊
- (၂) ပြည်တွင်း၌ ဝယ်ယူသောကုန်စည်များအတွက် ကုန်စည်တန်ဖိုးနှင့်အတူ ပေးဆောင်ခဲ့ရသော ကုန်သွယ်လုပ်ငန်းခွန်၊
- (၃) ကုန်သွယ်မှုလုပ်ငန်းအတွက်ရယူခဲ့ရသောဝန်ဆောင်မှုလုပ်ငန်းများတွင် ဝန်ဆောင်မှုရငွေနှင့်အတူ ပေးဆောင်ခဲ့ရသော ကုန်သွယ်လုပ်ငန်းခွန်၊

(ဥပမာ- Enforcement Trading Co.,Ltd လုပ်ငန်းလုပ်ကိုင်သူ ဦးရွှေသည် ပြည်ပမှ ကွန်ပျူတာပစ္စည်းများတင်သွင်းရောင်းချခြင်း၊ ပြည်တွင်း၌ ကွန်ပျူတာနှင့်ဆက်စပ်သည့် လိုအပ်သောအရံပစ္စည်းများ ဝယ်ယူရောင်းချခြင်းတို့လုပ်ကိုင်ရာ Transformer မီးစက်ဝယ်ယူခြင်း၊ အရောင်းပြခန်းငှားရမ်းထားခြင်း၊ အရောင်းမြှင့်တင်ရေးအတွက် ကြော်ငြာများအပ်နှံခြင်း၊ ပြည်တွင်းပြည်ပအကြံပေးများငှားရမ်းခြင်း တို့ကို ဆောင်ရွက်ရပါသည်။

ယင်း၏ကွန်ပျူတာရောင်းချသည့်လုပ်ငန်းအပေါ် ကျသင့်သည့်ကုန်သွယ်လုပ်ငန်းခွန်မှ အထက်ဖော်ပြပါ လုပ်ငန်းဆောင်ရွက်မှုများတွင် ပုံသေပိုင်ပစ္စည်းဖြစ်သည့် Transformer မီးစက်ဝယ်ယူခြင်းမှအပ ကျန်ကိစ္စရပ်များတွင် ပေးဆောင်ခဲ့သည့် ကုန်သွယ်လုပ်ငန်းခွန်များအား ခုနှိမ်ပိုင်ခွင့်ရှိပါသည်။)

(ဂ) **ဝန်ဆောင်မှုဆောင်ရွက်သူသည်** မိမိဆောင်ရွက်သည့် ဝန်ဆောင်မှုအပေါ် ကျသင့်သည့် ကုန်သွယ်လုပ်ငန်းခွန်မှ ဘဏ္ဍာရေးနှစ်အတွင်း ယင်းဝန်ဆောင်မှုလုပ်ငန်းအလို့ငှာ ပေးဆောင်ခဲ့ရသည့် အောက်ဖော်ပြပါကုန်သွယ်လုပ်ငန်းခွန်များကို ခုနှိမ်နိုင်သည်-

(၁) ပြည်ပမှ ကိုယ်တိုင်ဝယ်ယူတင်သွင်းသောကုန်စည်များ၏ ကုန်းပေါ်ရောက်တန်ဖိုး အပေါ် ပေးဆောင်ခဲ့ရသည့် ကုန်သွယ်လုပ်ငန်းခွန်၊

(၂) ပြည်တွင်း၌ဝယ်ယူသောကုန်စည်များအတွက် ကုန်စည်တန်ဖိုးနှင့်အတူ ပေးဆောင် ခဲ့ရသော ကုန်သွယ်လုပ်ငန်းခွန်၊

(၃) ဝန်ဆောင်မှုလုပ်ငန်းအတွက် ရယူခဲ့ရသောဝန်ဆောင်မှုလုပ်ငန်းများတွင် ဝန်ဆောင် မှုရငွေနှင့်အတူ ပေးဆောင်ခဲ့ရသော ကုန်သွယ်လုပ်ငန်းခွန်၊

(ဥပမာ- "ငယ်ချစ်"ဟိုတယ်လုပ်ငန်းပိုင်ရှင် ဒေါ်မြသည် မိမိ၏ဟိုတယ်လုပ်ငန်းအတွက် လိုအပ်သော အသုံးအဆောင် အိပ်ယာခင်း၊ ခေါင်းလျှော်ရည်၊ ဆပ်ပြာ အစရှိသည်တို့အား ပြည်ပမှတင်သွင်းခြင်း၊ လိုအပ်သည့် မွေ့ယာ၊ ခေါင်းအုံး အစရှိသည်တို့အား ပြည်တွင်း၌ဝယ်ယူခြင်း၊ အထပ်မြင့်ဟိုတယ်အား အပြင်ပိုင်းသန့်ရှင်းရေး ဆောင်ရွက်ရန်အတွက် စက်ယန္တယားဖြစ်သည့် Cherry Picker Crane ဝယ်ယူခြင်း၊ ခရီးသည်များ အဆင်ပြေစေရန်အတွက် ခရီးသည်လှည့်လည်ရေးလမ်းညွှန်အဖွဲ့နှင့် ဆက်သွယ်၍ Tour Guide, Tour car များ ငှားရမ်းပေးခြင်းတို့ကို ဆောင်ရွက်ပါသည်။ ယင်း၏ဟိုတယ်လုပ်ငန်းအတွက် ကျသင့်သည့် ကုန်သွယ်လုပ်ငန်းခွန်မှ ပုံသေပိုင်ပစ္စည်းအတွက် ပေးခဲ့ရသော ကုန်သွယ်လုပ်ငန်းခွန်မှအပ ကျန်လုပ်ငန်းလုပ်ဆောင်ရန်အတွက် ပေးဆောင်ခဲ့ရသော ကုန်သွယ်လုပ်ငန်းခွန်များကို ခုနှိမ်ခွင့်ရှိပါသည်။)

## ၇။ အခွန်ခုနှိမ်ပေးသွင်းခြင်းဆိုင်ရာသတ်မှတ်ပုံစံများ

(က) ပြည်ပမှ ကုန်စည်တင်သွင်းရောင်းချခြင်းဖြစ်ပါက ကုန်စည်တင်သွင်းသူသည် သတ်မှတ်ပုံစံ ဖြစ်သည့် ပတခ(ကသခ)-၃၂ ပုံစံ နှင့် ပတခ(ကသခ)-၃၃ ပုံစံ အား နှစ်စောင်ပြုစုပြီး၊ မူရင်းခွဲကို မိမိနှင့်သက်ဆိုင်သည့် မြို့နယ်အခွန်ဦးစီးဌာနမှူးထံပေးပို့ပြီး၊ မူရင်းကို လက်ခံ အဖြစ် သိမ်းဆည်းထားရမည် ဖြစ်သည်။

(ခ) ပြည်တွင်း၌ ကုန်စည်ထုတ်လုပ်ရောင်းချခြင်း၊ ကုန်သွယ်မှုဆောင်ရွက်ခြင်း၊ ဝန်ဆောင်မှု ဆောင်ရွက်ခြင်း တို့ဖြစ်ပါက သတ်မှတ်ပုံစံဖြစ်သည့် ပတခ(ကသခ)-၃၁ ပုံစံ နှင့် ပတခ (ကသခ)-၃၃ ပုံစံအား သုံးစောင်ပြုစုပြီး၊ မူရင်းကို ဝယ်ယူသူသို့လည်းကောင်း၊ မူရင်းခွဲကို ဝယ်ယူသူ/ဝန်ဆောင်မှု ရယူသူနှင့်သက်ဆိုင်သည့် မြို့နယ်အခွန်ဦးစီးဌာနမှူးထံပေးပို့ပြီး၊ ကျန်မူရင်းခွဲကို လက်ခံအဖြစ် သိမ်းဆည်းထားရမည်ဖြစ်သည်။

(ဂ) အခွန်ခုနှိမ်နိုင်ရန်အတွက် အထက်တွင်ဖော်ပြထားသကဲ့သို့ ပြည်ပမှကုန်စည်တင်သွင်း ရောင်းချသူ၊ ကုန်စည်ထုတ်လုပ်ရောင်းချသူ၊ ကုန်သွယ်မှုဆောင်ရွက်သူ၊ ဝန်ဆောင်မှုဆောင် ရွက်သူတို့သည် နှစ်အလိုက်ကုန်သွယ်လုပ်ငန်းခွန်လုပ်ငန်းရှင်မှတ်ပုံတင် ပတခ(ကသခ)-၂ ရှိပြီးဖြစ်ရပါမည်။

(ဃ) ကုန်သွယ်လုပ်ငန်းခွန်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ လစဉ်ကျသင့်အခွန်ကို သက်ဆိုင်ရာလကုန်ဆုံးပြီး ၁၀ ရက်အတွင်း ပေးဆောင်ထားရပါမည်။ **လစဉ်ကျသင့်သော ကုန်သွယ်လုပ်ငန်းခွန်ပေးဆောင်ရာတွင် ပေးဆောင်ခဲ့ပြီးသော ကုန်သွယ်လုပ်ငန်းခွန်များကို ခုနှိမ်ပေးသွင်းနိုင်ပါသည်။**

(င) သုံးလတစ်ကြိမ်ကြေညာလွှာကို သက်ဆိုင်ရာ သုံးလပတ်ကုန်ဆုံးပြီး နောက်တစ်လအတွင်း တင်သွင်းရမည် ဖြစ်ပါသည်။ ( ဥပမာ- ဧပြီ၊ မေ၊ ဇွန်လအတွက် ကုန်ရောင်း/ ဝန်ဆောင်မှု ကြေညာလွှာကို ယင်းသုံးလကုန်ဆုံးပြီး နောက်တစ်လဖြစ်သော ဇူလိုင်လအတွင်း တင်သွင်းရမည်ဖြစ်ပါသည်) ယင်းတွင် ခုနှိမ်ခဲ့မှုများအတွက် သတ်မှတ်ပုံစံ ပတခ(ကသခ)-၃၁ပုံစံ (သို့မဟုတ်) ပတခ(ကသခ)-၃၂ပုံစံ နှင့် ပတခ(ကသခ)-၃၃ပုံစံ တို့ကို ပူးတွဲလျက် ထည့်သွင်းဖော်ပြရန် လိုအပ်ပါသည်။

(စ) ကုန်သွယ်လုပ်ငန်းခွန်ခုနှိမ်ရာတွင် သက်ဆိုင်ရာဘဏ္ဍာနှစ်အတွင်း ပေးသွင်းခဲ့မှုများအတွက်သာ ခုနှိမ်ခွင့်ပြုပေးမည်ဖြစ်ပါသည်။ ရောင်းချခြင်းမပြုရသေးသည့် ကုန်လက်ကျန်များအတွက်ကိုမူ ရောင်းချသည့်အချိန်တွင် ခုနှိမ်ပေးသွင်းနိုင်ရန်သတ်မှတ်ပုံစံ ပတခ(ကသခ)-၃၃ ဖြင့် ဆက်လက်သယ်ဆောင်ခွင့်ပြုသွားမည်ဖြစ်ပါသည်။

(ဆ) **ကုန်သွယ်လုပ်ငန်းခွန်ခုနှိမ်ခွင့်ရရှိရန်** အောက်ဖော်ပြပါ သတ်မှတ်ပုံစံများအား သက်ဆိုင်ရာ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံး၊ အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံး၊ အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံးများတွင် တင်ပြလျှောက်ထားရမည်။

(၁) ပြည်ပမှ ကုန်ပစ္စည်းတင်သွင်းရောင်းချခြင်းဖြစ်ပါက-
(ကက) သွင်းကုန်ကြေညာလွှာ (Import Declaration form)(မူရင်း/မိတ္တူ)
(ခခ) ပတခ(ကသခ)-၃၂ ပုံစံ (မူရင်း/မိတ္တူ) (ပူးတွဲ-၂)
(ဂဂ) ပတခ(ကသခ)-၃၃ ပုံစံ (မူရင်း/မိတ္တူ) (ပူးတွဲ-၃)
(ဃဃ) ပတခ(ကသခ)- ၂ ပုံစံ (မူရင်း/မိတ္တူ) (ပူးတွဲ-၄)

(၂) ပြည်တွင်းထုတ်လုပ်ရောင်းချခြင်း၊ ကုန်သွယ်မှုဆောင်ရွက်ခြင်း၊ ဝန်ဆောင်မှုဆောင်ရွက်ခြင်းဖြစ်ပါက-
(ကက) ပတခ(ကသခ)-၃၁ ပုံစံ (မူရင်း/မိတ္တူ) (ပူးတွဲ-၁)
(ခခ) ပတခ(ကသခ)-၃၃ ပုံစံ (မူရင်း/မိတ္တူ) (ပူးတွဲ-၃)
(ဂဂ) ပတခ(ကသခ)- ၂ ပုံစံ (မူရင်း/မိတ္တူ) (ပူးတွဲ-၄)

## ၈။ ကုန်သွယ်လုပ်ငန်းခွန်ခုနှိမ်ခွင့်ရှိသူများနှင့် ခုနှိမ်နိုင်သည့်အချိန်

**(က)** ကုန်သွယ်လုပ်ငန်းခွန်ကျသင့်သည့် လုပ်ငန်းလုပ်ကိုင်သည့် လုပ်ငန်းရှင်များအာလုံးသည် အခွန်တစ်ကြိမ်တည်းသာကျသင့်စေရန် ကုန်သွယ်လုပ်ငန်းခွန်ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ မိမိတို့ပေးဆောင်ခဲ့သည့်ကုန်သွယ်လုပ်ငန်းခွန်များအား ခုနှိမ်ပေးဆောင်ခွင့်ရှိပါသည်။

ကုန်သွယ်လုပ်ငန်းခွန် စည်းမျဉ်း ၄၂ အရ ခုနှိမ်ခွင့်ရရှိရန် လုပ်ငန်းရှင်များအနေဖြင့် အောက်ပါအတိုင်း အလေးထားလိုက်နာဆောင်ရွက်ရန် လိုအပ်ပါသည်-

(၁) နှစ်အလိုက်ကုန်သွယ်လုပ်ငန်းခွန် လုပ်ငန်းရှင်မှတ်ပုံတင်ပြီး၊ မှတ်ပုံတင်သက်တမ်း ရှိသူများ ဖြစ်ရမည်။

(၂) ကုန်သွယ်လုပ်ငန်းခွန်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ လစဉ်ကျသင့်ခွန်ကို သက်ဆိုင်ရာလကုန်ဆုံးပြီး ၁၀ ရက်အတွင်း ပေးဆောင်ရပါမည်။

(၃) သုံးလတစ်ကြိမ်ကြေညာလွှာကို သက်ဆိုင်ရာသုံးလပတ်ကုန်ဆုံးပြီး နောက်တစ်လ အတွင်း ခုနှိမ်ခဲ့မှုများအတွက် သတ်မှတ်ပုံစံ **ပတခ(ကသခ)-၃၁ပုံစံ (သို့မဟုတ်) ပတခ(ကသခ)-၃၂ပုံစံ နှင့် ပတခ(ကသခ)-၃၃ပုံစံ** တို့ကို ပူးတွဲလျက် မပျက်မကွက် တင်သွင်းရမည်ဖြစ်ပါသည်။

(ဥပမာ- ဧပြီ၊ မေ၊ ဇွန် လအတွက် ကုန်ရောင်း/ဝန်ဆောင်မှုကြေညာလွှာကို ယင်းလ ကုန်ဆုံးပြီး နောက်တစ်လဖြစ်သော ဇူလိုင်လအတွင်း တင်သွင်းရမည်ဖြစ်ပါသည်)

(ခ) ပြည်ထောင်စု၏အခွန်အကောက်ဥပဒေအရ နှစ်စဉ်ပြဋ္ဌာန်းသတ်မှတ်သည့် နှစ်တစ်နှစ်အတွင်း အခွန်စည်းကြပ်ထိုက်သည့်ရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှုရငွေရရှိလျှင် လစဉ်ကျသင့်သောကုန်သွယ်လုပ်ငန်းခွန်ပေးဆောင်ရာတွင် ပေးဆောင်ခဲ့ပြီးသောကုန်သွယ် လုပ်ငန်းခွန်များကို ခုနှိမ်ပေးသွင်းနိုင်ပါသည်။

## ၉။ ကုန်သွယ်လုပ်ငန်းခွန်ခုနှိမ်ခွင့်မပြုသည့်ကိစ္စရပ်များ

(က) မိမိ၏လုပ်ငန်း၏ပုံသေပိုင်ပစ္စည်း သို့မဟုတ် မတည်အပိုင်ပစ္စည်းစာရင်းတွင် ထည့်သွင်းသည့်ပစ္စည်းများအတွက် ပေးဆောင်ခဲ့ရသည့် ကုန်သွယ်လုပ်ငန်းခွန်ကို ခုနှိမ်၍မရပါ။

(ခ) ပျက်ဆီးဆုံးရှုံးသွားသည့်ကုန်စည်များ၊ ရောင်းချခြင်းမပြုသည့် ကုန်စည်များအပေါ်တွင် ကုန်သွယ်လုပ်ငန်းခွန် ခုနှိမ်ခွင့်မရှိပါ။

(ဂ) ကျသင့်အခွန်မှ ပေးဆောင်ခဲ့ရသည့်ကုန်သွယ်လုပ်ငန်းခွန်ကို ခုနှိမ်ရာတွင် ပေးဆောင်ခဲ့ရသည့်ကုန်သွယ်လုပ်ငန်းခွန်က ပိုမိုသည့်ကိစ္စ၌ ခုနှိမ်ရန်ပိုမိုနေသည့်ကုန်သွယ်လုပ်ငန်းခွန် (ပိုမိုနေသည့်ကုန်သွယ်လုပ်ငန်းခွန်အား ဝင်ငွေခွန်တွက်ချက်ရာတွင်လုပ်ငန်း၏အသုံးစရိတ်အဖြစ် ဝင်ငွေခွန်တွက်ချက်ရာတွင် ခွင့်ပြုနုတ်ပယ်ပေးမည်ဖြစ်ပါသည်)။

## ၁၀။ အခွန်ထမ်းများ၏တာဝန်

(က) လုပ်ငန်းမစတင်မီ တစ်လကြိုတင်၍မှတ်ပုံတင်ခြင်း၊

(ခ) လုပ်ငန်းစတင်လုပ်ကိုင်သည့်နေ့မှ ၁၀ ရက်အတွင်း လုပ်ငန်းစတင်လုပ်ကိုင်ကြောင်း အကြောင်းကြားစာပေးပို့ခြင်း၊

(ဂ) လစဉ်ကျသင့်သောအခွန်ကို သက်ဆိုင်ရာလကုန်ဆုံးပြီး တစ်ဆယ်ရက်အတွင်းပေးဆောင်ခြင်း၊

(ဃ) သုံးလတစ်ကြိမ်ကြေညာလွှာကို သုံးလပတ်အလိုက် မိမိခုနှိမ်လိုသည့်သတ်မှတ်ပုံစံ ပတခ (ကသခ)-၃၁ နှင့် ပတခ(ကသခ)-၃၂ စသည့် သက်သေခံလက်မှတ်များကို ပူးတွဲလျက် သက်ဆိုင်ရာ သုံးလပတ်ကုန်ဆုံးပြီးနောက် တစ်လအတွင်း ပေးပို့ခြင်း၊

(င) မိမိခုနှိမ်လိုသည့် ကုန်သွယ်လုပ်ငန်းခွန်များအတွက် သတ်မှတ်ပုံစံဖြင့် ထုတ်ပေးသည့် ပတခ (ကသခ)-၃၁ များကို "ကသခ-၃၁ ထုတ်ပေးသည့် လုပ်ငန်းရှင်များထံမှ" သေချာစိစစ်၍ မူရင်းတစ်ပါတည်းတောင်းခံခြင်း၊

(စ) "ကသခ-၃၁ ထုတ်ပေးသည့် လုပ်ငန်းရှင်များသည်" ရောင်းရငွေ/ရငွေ များအတွက် စာရင်းများကို မှန်ကန်စွာပြုစုထားရှိရန် လိုအပ်ခြင်း၊

(ဆ) နှစ်ချုပ်ကြေညာလွှာကို သက်ဆိုင်ရာဘဏ္ဍာနှစ်ကုန်ဆုံးပြီး သုံးလအတွင်းပေးပို့ခြင်း၊

(ဇ) စည်းကြပ်မှုအရ ကျသင့်အခွန်နှင့်ဒဏ်ငွေကို သတ်မှတ်ကာလအတွင်းပေးဆောင်ခြင်း၊

(မှတ်ချက်။ မိမိခုနှိမ်လိုသည့် ကုန်သွယ်လုပ်ငန်းခွန်များအတွက် သက်သေခံလက်မှတ်များကို သက်ဆိုင်ရာသုံးလတစ်ကြိမ်ကြေညာလွှာနှင့်အတူ ပူးတွဲတင်ပြရမည်ဖြစ်ပြီး "လုပ်ငန်းရှင်များအနေဖြင့်"ကုန်သွယ်လုပ်ငန်းခွန် စည်းကြပ်မှုပြုလုပ်ချိန်မှ ခုနှိမ်လိုသည့် သတ်မှတ်ပုံစံဖြင့် သက်သေခံလက်မှတ်များကို စုပေါင်း၍ တင်ပြခြင်းကို သက်ဆိုင်ရာမြို့နယ်အခွန်ဦးစီးဌာနမှူးရုံးများမှ လက်ခံခုနှိမ်မှု ခွင့်ပြုမည် မဟုတ်ပါ။)

## ၁၁။ အခွန်ထမ်းများ၏အခွင့်အရေး

(က) တင်သွင်းသည့်ကြေညာလွှာတွင် မှားယွင်းချက်၊ ကျန်ရှိချက်ရှိလျှင် စည်းကြပ်မှုမပြုလုပ်မီ ပြင်ဆင်ခွင့်၊

(ခ) စည်းကြပ်မှုများ၊ အယူခံမှုများနှင့်ပတ်သက်၍ တင်ပြထွက်ဆိုခွင့်၊

(ဂ) စည်းကြပ်မှုများတွင် မှတ်တမ်းမှပေါ်လွင်ထင်ရှားသည့် မှားယွင်းချက်အားတွေ့ရှိပါက ပြန်လည်ပြင်ဆင်ပေးပါရန်တင်ပြခွင့်၊

(ဃ) ဥပဒေနှင့်အညီ အယူခံပိုင်ခွင့်၊ ပြင်ဆင်မှုလျှောက်ထားခွင့်၊

(င) ရရန်ရှိသည့်ပြန်အမ်းငွေကို အကြောင်းကြားစာရရှိသည့်နေ့ရက်မှ တစ်နှစ်အတွင်း တောင်းဆိုခွင့်၊

(စ) အခွန်ထမ်းသည် ကုန်စည်ထုတ်လုပ်သူ၊ ကုန်သွယ်မှုဆောင်ရွက်သူ၊ ကုန်စည်တင်သွင်းသူ နှင့် ဝန်ဆောင်မှုဆောင်ရွက်သူများသည် အခွန်တစ်ကြိမ်တည်းသာ ကျသင့်စေလိုလျှင် ကုန်သွယ်လုပ်ငန်းခွန်စည်းမျဉ်း ၄၂ အရ ခုနှိမ်ခွင့်၊

## ၁၂။ အခွန်ထမ်းများပျက်ကွက်မှုအတွက်ပြစ်ဒဏ်

ကုန်သွယ်လုပ်ငန်းခွန်ဥပဒေပါအောက်ပါပျက်ကွက်မှုတစ်ရပ်ရပ်ရှိလျှင် သတ်မှတ်ရာခိုင်နှုန်း သို့မဟုတ် သတ်မှတ်ငွေပမာဏအတိုင်း ဒဏ်ငွေပေးဆောင်စေရမည်-

(က) မှတ်ပုံတင်ရန်ပျက်ကွက်ခြင်း၊လုပ်ငန်းစတင်ကြောင်းအကြောင်းကြားစာပေးပို့ရန်ပျက်ကွက်ခြင်းအတွက် စည်းကြပ်မှုအရ ကျသင့်အခွန်၏ တစ်ဆယ်ရာခိုင်နှုန်း၊

(ခ) လစဉ်ကျသင့်အခွန်ပေးသွင်းရန် ပျက်ကွက်ခြင်း၊ သုံးလတစ်ကြိမ်ကြေညာလွှာပေးပို့ရန် ပျက်ကွက်ခြင်း၊ နှစ်ချုပ်ကြေညာလွှာပေးပို့ရန်ပျက်ကွက်ခြင်းတို့အတွက် ပျက်ကွက်မှု တစ်မျိုးစီအလိုက် စည်းကြပ်မှုအရ ကျသင့်အခွန်၏တစ်ဆယ်ရာခိုင်နှုန်း၊

(ဂ) နှစ်ချုပ်ကြေညာလွှာအရ ကျသင့်သောအခွန်ကို ပေးသွင်းရန်ပျက်ကွက်ခြင်း၊ စည်းကြပ်မှုနှင့် စပ်လျဉ်း၍ စစ်ဆေးရန်အကြောင်းကြားခေါ်ယူခြင်းကို လိုက်နာရန်ပျက်ကွက်ခြင်း တို့အတွက် ပျက်ကွက်မှုတစ်မျိုးစီအလိုက် စည်းကြပ်မှုအရ ထပ်မံပေးသွင်းရမည့် အခွန်၏ တစ်ဆယ်ရာခိုင်နှုန်း၊

(ဃ) အခွန်ပေးဆောင်ရန် သတ်မှတ်ပေးထားသော သို့မဟုတ် တိုးမြှင့်ပေးထားသော ရက်အတွင်း ပေးသွင်းရန် ပျက်ကွက်ခြင်းအတွက် စည်းကြပ်မှုအရ ထပ်မံပေးသွင်းရမည့် အခွန်၏ တစ်ဆယ်ရာခိုင်နှုန်း၊

(င) ကုန်သွယ်လုပ်ငန်းခွန် စည်းမျဉ်းအရ သတ်မှတ်ထားသော ပြေစာ သို့မဟုတ် ငွေလက်ခံ ရရှိကြောင်း အထောက်အထား ထားရှိရန် ပျက်ကွက်ခြင်းအတွက် စည်းကြပ်မှုအရ ကျသင့် အခွန်၏ တစ်ဆယ်ရာခိုင်နှုန်း၊

(စ) ပြေစာ သို့မဟုတ် ငွေလက်ခံရရှိကြောင်း အထောက်အထားကို ထားရှိသော်လည်း ဝယ်ယူသူ သို့မဟုတ် ဝန်ဆောင်မှု ရယူသူထံသို့ ထုတ်ပေးရန် ပျက်ကွက်ခြင်း သို့မဟုတ် ပြေစာအား ထုတ်ပေးသော်လည်း စည်းမျဉ်းများဖြင့် သတ်မှတ်ထားသော ကျသင့်အခွန်တန်ဖိုးအတိုင်း အခွန်အမှတ်တံဆိပ်ကပ်နှိပ်ပေးရန် ပျက်ကွက်ခြင်းတို့ကို မြို့နယ်အခွန်ဦးစီးဌာနမှူးက စစ်ဆေးတွေ့ရှိပါ က ယင်းသို့ပျက်ကွက်ခြင်းအတွက် ပြေစာ သို့မဟုတ် ငွေလက်ခံရရှိ ကြောင်း အထောက်အထားတန်ဖိုးအပေါ် ကျသင့်အခွန်၏တစ်ရာ ရာခိုင်နှုန်း ပေးဆောင်စေ ရမည့်အပြင် ဘဏ္ဍာရေးနှစ်တစ်နှစ်အတွင်း ပျက်ကွက်မှုအကြိမ်အလိုက် အောက်ပါ ငွေပမာဏကိုပါ ပေးဆောင်စေရမည်-

(၁) ပထမအကြိမ်ပျက်ကွက်ခြင်းအတွက် ကျပ် နှစ်သိန်း၊

(၂) ဒုတိယအကြိမ် ပျက်ကွက်ခြင်းအတွက် ကျပ် ငါးသိန်း၊

(၃) တတိယအကြိမ် ပျက်ကွက်ခြင်းအတွက် ကျပ် ခုနစ်သိန်း၊

(၄) တတိယအကြိမ်အထက်ပျက်ကွက်ခြင်းအတွက် တစ်ကြိမ်လျှင်ကျပ်တစ်ဆယ်သိန်း၊

ကုန်သွယ်လုပ်ငန်းခွန်ဥပဒေပါ အောက်ပါပျက်ကွက်မှုတစ်ရပ်ရပ်ရှိလျှင် တရားစွဲဆိုခြင်းခံရမည်ဖြစ်ပြီး၊ ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက တည်ဆဲဥပဒေများပါအတိုင်း ထောင်ဒဏ်နှင့် ငွေဒဏ်များပါ ကျခံရမည်ဖြစ်ပါသည်-

(က) မည်သူမဆို အခွန်ကင်းလွတ်စေရန်တိမ်းရှောင်ကြောင်း သို့မဟုတ် အခွန်လျော့နည်းစေရန် ရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှုရငွေ တို့နှင့် စပ်လျဉ်းသည့် အချက်အလက်များကို ထိမ်ချန်ကြောင်းတွေ့ရှိလျှင် ယင်းကိစ္စအတွက်ခွင့်ပြုထားသည့် ကာလအတွင်းထုတ်ဖော်ရန် ပျက်ကွက်ခြင်း သို့မဟုတ် တိမ်းရှောင်ထိမ်ချန်ခဲ့သည့်ရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှုရငွေထက် လျော့နည်းထုတ်ဖော်ခြင်း၊

(ခ) လိမ်လည်လှည့်ဖြားလိုသောရည်ရွယ်ချက်ဖြင့် မိမိ၏ရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှုရငွေများနှင့် စပ်လျဉ်းသည့် မမှန်မကန်သော ကြေညာလွှာကို တမင်သက်သက်ပေးပို့ကြောင်း၊ မမှန်မကန်သော စာရင်းစာအုပ်၊ စာရင်းရှင်းတမ်းများကိုတင်ပြခြင်း၊

(ဂ) ကုန်သွယ်လုပ်ငန်းခွန်ဥပဒေတွင် ပြဋ္ဌာန်းထားသည့်အတိုင်း လိုက်နာဆောင်ရွက်ရန် လုံလောက်သောအကြောင်းမရှိဘဲ လိုက်နာဆောင်ရွက်ရန်ပျက်ကွက်ခြင်း၊

**<u>အသေးစိတ်သိရှိလိုပါက</u>** သက်ဆိုင်ရာမြို့နယ်အခွန်ဦးစီးဌာနမှူးရုံးများနှင့် ပြည်တွင်းအခွန်များဦးစီးဌာန(ရုံးချုပ်) ဖုန်းနံပါတ် (၀၆၇-၄၃၀၀၀၉)၊ အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး(ရန်ကုန်) ဖုန်းနံပါတ် (၀၁-၃၇၈၃၇၀) (၀၁-၃၇၈၃၇၂)၊ အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး(မန္တလေး) ဖုန်းနံပါတ် (၀၂-၃၀၁၉၂) သို့ ဆက်သွယ်မေးမြန်းနိုင်ပြီး မကြာခဏမေးမြန်းလေ့ ရှိသည့်မေးခွန်းများ (FAQs)နှင့် ဖြေကြားချက်များကို ဆက်လက်အသိပေးသွားမည်ဖြစ်ပါသည်။

**ပူးတွဲ - ၁**

ပတခ(ကသခ)- ၃၁။

## ကုန်သွယ်လုပ်ငန်းခွန် စည်းမျဉ်း ၄၂၊ စည်းမျဉ်းခွဲ (ဇ)(ဈ) အရ
## (၃)စောင် ပြုစုပေးပို့ရမည့် သက်သေခံလက်မှတ်
## (ပြည်တွင်း၌ဝယ်ယူခြင်း/ ဝန်ဆောင်မှုဆောင်ရွက်ခြင်း)

ရောင်းချသူ / ဝန်ဆောင်မှုဆောင်ရွက်သူ အမည် -------------------

လိပ်စာ ---------------------------------------------

မှတ်ပုံတင်လက်မှတ်အမှတ် --------------------------

---------------------------------------------------

ရောင်းချသည့် / ဝန်ဆောင်မှုဆောင်ရွက်သည့် ရက်စွဲ - ---------------

ဝယ်ယူသူ / ဝန်ဆောင်မှုရယူသူ အမည် ----------------------

လိပ်စာ ---------------------------------------------

မှတ်ပုံတင်လက်မှတ်အမှတ် ------------------------------

---------------------------------------------------

ကုန်ရောင်း / ဝန်ဆောင်ခရငွေ ပြေစာအမှတ် ------------------

| အမှတ်စဉ် | ရောင်းချသည့်ကုန်စည်/ ဝန်ဆောင်မှုအမျိုးအမည် | ရေတွက်ပုံ | အရေအတွက် | ဈေးနှုန်း | | ရောင်းချငွေ | | ကျသင့်အခွန် |
|---|---|---|---|---|---|---|---|---|
| | | | | ကျပ် | ပြား | ကျပ် | ပြား | |
| | | | | | | | | |
| | | | စုစုပေါင်း ကျသင့်အခွန် - - - - - - - - - - - | | | | | |

အထက်ပါကျသင့်အခွန်ငွေ(စာဖြင့်) ကျပ် - - - - - - - - - - - - - - - - - - ကို - - - - - - - - - - ခုနှစ် - - - - - - - - - - -လ အတွက် ကုန်ရောင်းရငွေ / ဝန်ဆောင်ခရငွေ ---------------------- ရငွေအပေါ်တွင် တစ်ပါတည်းပေးဆောင်ရမည်ဖြစ်ကြောင်း ဝန်ခံကတိပြုပါသည်။

ရောင်းချသူ / ဝန်ဆောင်မှုဆောင်ရွက်သူ --------------------------- လက်မှတ်

မှတ်ချက်။ ။ မှတ်ပုံတင်ပြီးသည့် ကုန်ထုတ်လုပ်ရောင်းချသူ / ကုန်သွယ်မှုလုပ်ငန်း/ဝန်ဆောင်မှုဆောင်ရွက်သူ ---------------------------- သည် မိမိကုန်စည်/ဝန်ဆောင်မှုကို အခြားမှတ်ပုံတင်ပြီးသည့် ကုန်ထုတ်လုပ်ရောင်းချသူ / ကုန်သွယ်မှုလုပ်ငန်း/ဝန်ဆောင်မှုဆောင်ရွက်သူ ---------------------------- က ဝယ်ယူသည့်/ဝန်ဆောင်မှုရယူသည့်အခါ ဤသက်သေခံလက်မှတ်(၃)စောင်ပြုစုရေးသားရမည်။ မူရင်းကို ဝယ်ယူ/ဝန်ဆောင်မှုရယူသူကို ပေးအပ်ရန်ဖြစ်ပြီး မူရင်းခွဲကို ဝယ်ယူ/ဝန်ဆောင်မှုရယူသူနှင့်သက်ဆိုင်သည့် မြို့နယ်အခွန်ဦးစီးဌာနမှူး၊ အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံး၊ အလယ်အလတ်အခွန်ရုံးများဆိုင်ရာအခွန်ရုံး၊ ဌာနမှူးထံ ပေးပို့ရမည်။ လက်ခံကို မိမိထံ၌ သိမ်းဆည်းထားရမည်။

**ပူးတွဲ - ၂**

ပတခ(ကသခ)- ၃၂။

**ကုန်သွယ်လုပ်ငန်းခွန်စည်းမျဉ်း ၄၂၊ စည်းမျဉ်းခွဲ (ဇ)အရ (၂)စောင် ပြုစုရမည့် သက်သေခံလက်မှတ်**

**(ပြည်ပမှ တင်သွင်းခြင်း)**

ကုန်ထုတ်လုပ်ရောင်းချသူ/ကုန်သွယ်မှုဆောင်ရွက်သူ အမည် ------------------------------------------------------------------

လိပ်စာ -------------------------------------------------------------------------------------------------------------------

မှတ်ပုံတင်လက်မှတ်အမှတ် ----------------------------------------------------------------------------------------------

ထုတ်လုပ်သော ကုန်စည်တွင် အစိတ်အပိုင်းအဖြစ် အသုံးပြုရန်အတွက် တစ်ပိုင်းတစ်စပြုလုပ်ပြီး ကုန်စည်များ ပြည်ပမှ တင်သွင်းကြောင်း/ကုန်စည်ဂယ်ယူရောင်းချမှုလုပ်ငန်း လုပ်ကိုင်ရန် ပြည်ပမှ တင်သွင်းကြောင်း ဖော်ပြချက်

| အမှတ်စဉ် | ကုန်ပစ္စည်းအမျိုးအမည် | ရေတွက်ပုံ | အရေအတွက် | ကုန်းပေါ်ရောက်တန်ဖိုး | အခွန်နှုန်း | ကျသင့်အခွန် | တစ်ယူနစ်အပေါ်ကျသင့်အခွန် |
|---|---|---|---|---|---|---|---|
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) | (၈) |
| | | | | | | | |

အထက်တွင်ဖော်ပြထားသော ကုန်ပစ္စည်းများသည် မိမိထုတ်လုပ်သော ကုန်စည်တွင် အစိတ်အပိုင်းအဖြစ် အသုံးပြုရန်အတွက် တစ်ပိုင်းတစ်စပြုလုပ်ပြီး ကုန်စည်များ ဖြစ်ကြောင်း/ ပြန်လည် ရောင်းချရန်အတွက် တင်သွင်းခြင်း ဖြစ်ကြောင်း ဝန်ခံပါသည်။

ထို့အပြင် စာတိုင် - ၇ ပါ ကျသင့်အခွန်များကို အကောက်ခွန်နှင့်တစ်ပါတည်း အကောက်ခွန်ဦးစီးဌာနတွင် ပေးဆောင်ထားပြီးဖြစ်ကြောင်းလည်း ဝန်ခံပါသည်။

လက်မှတ် - - - - - - - - - - - - - -

အမည် - - - - - - - - - - - - - -

လိပ်စာ - - - - - - - - - - - - - - -

မှတ်ချက်။ မှတ်ပုံတင်ပြီးသည့် ကုန်ထုတ်လုပ်သူ/ကုန်သွယ်မှုဆောင်ရွက်သူသည် မိမိထုတ်လုပ်သော ကုန်စည်တွင် အစိတ်အပိုင်းအဖြစ် အသုံးပြုရန်အတွက် တစ်ပိုင်းတစ်စ ပြုလုပ်ပြီးသော ကုန်စည်များ/ပြန်လည်ရောင်းချမည့် ကုန်စည် များ ပြည်ပမှတင်သွင်းလျှင် ဤသက်သေခံလက်မှတ်ကို (၂)စောင်ပြုစုလျက် မူရင်းခွဲကို သက်ဆိုင်ရာ မြို့နယ်အခွန် ဦးစီးဌာနမှူးထံ ပေးပို့ရမည်။ မူရင်းကို လက်ခံအဖြစ်ထားရှိရမည်။

**ပူးတွဲ - ၃**

ပတခ(ကသခ)-၃၃။

**ကုန်သွယ်လုပ်ငန်းခွန် စည်းမျဉ်း ၄၂ ၊ စည်းမျဉ်းခွဲ (ည) အရ**
**အခွန်ခုနှိမ်ပြီးကြောင်း တင်ပြလွှာ**

ရက်စွဲ ------------------------------

သို့

မြို့နယ်အခွန်ဦးစီးဌာနမှူး

---------------------------- မြို့နယ်

၁။ အမှတ် -----၊ ---------------------- လမ်း၊ ------------------------ မြို့ရှိ --------------------- လုပ်ငန်း/အဖွဲ့အစည်း/အသင်း/ကုမ္ပဏီ/အစုစပ်လုပ်ငန်းမှ ------------- ခုနှစ်၊ --------------------- လ အတွင်းက ရောင်းချခဲ့သော ကုန်စည်ရောင်းရငွေ/ဝန်ဆောင်မှုလုပ်ငန်းမှရငွေပေါင်း ------------------------------- အပေါ် ကုန်သွယ်လုပ်ငန်းခွန် ကျပ် ---------------- ကျသင့်ပါသည်။

၂။ ဖော်ပြပါလအတွင်း ရောင်းချခဲ့သော ကုန်စည်ကို ပြည်တွင်း၌ ဝယ်ယူစဉ် / ပြည်ပမှ တင်သွင်းစဉ်/ ဝန်ဆောင်မှုဆောင်ရွက်စဉ်က ကုန်စည်တန်ဖိုးမှာ ----------------- ဖြစ်ပါသဖြင့် ယင်းတန်ဖိုးအပေါ် ပေးဆောင်ခဲ့ရပြီးဖြစ်သည့် အခွန်ကို ကျောဖက်တွင် ဖော်ပြပါရှိသည့်အတိုင်း တွက်ချက်လျက် ရရှိသည့် အခွန်ပမာဏကို ခုနှိမ်၍ ကျန်အခွန်ငွေကျပ် ------------------- ကို ----------------- နေ့က ------------------ ဘဏ် ------------------ သို့ ချလန်အမှတ် ------------------ ဖြင့်ပေးသွင်းခဲ့ပြီး ဖြစ်ပါသည်။

၃။ ကုန်လက်ကျန်အတွက် ခုနှိမ်ရန်ကျန်ရှိသေးသည့် ဖော်ပြပါ အခွန်ပမာဏကို ကုန်စည်ရောင်းချရရှိချိန်တွင် ဆက်လက်ခုနှိမ်သွားမည် ဖြစ်ပါသည်။

၄။ ကုန်ပစ္စည်းကို ပြည်တွင်း၌ ဝယ်ယူစဉ်/ ပြည်ပမှတင်သွင်းစဉ်/ ဝန်ဆောင်မှုဆောင်ရွက်စဉ်က ပြုစုထားသည့် သက်သေခံလက်မှတ် ( ကသခ-၃၁ / ကသခ-၃၂ ) ------------------ စောင်ကို ပူးတွဲတင်ပြပါသည်/ တင်ပြထားပြီးဖြစ်ပါသည်။

လက်မှတ် ---------------------------------

အမည် -------------------------------------

လုပ်ငန်းအမည် ----------------------------

လုပ်ငန်းမှတ်ပုံတင်အမှတ် ----------------

## ပြည်တွင်း၌ ဝယ်ယူစဉ်/ဝန်ဆောင်မှုဆောင်ရွက်စဉ်/ပြည်ပမှ တင်သွင်းစဉ်က ကုန်စည်/ ဝန်ဆောင်မှုအပေါ် ကုန်သွယ်လုပ်ငန်းခွန် ပေးဆောင်ခဲ့မှုနှင့် ခုနှိမ်မှုစာရင်း

**ကုန်စည်ဝယ်ယူခဲ့မှုအတွက်ခုနှိမ်ရန်**

| အကြောင်းအရာ | ရေတွက်ပုံ | အရေအတွက် | ကုန်တန်ဖိုး | ပေးသွင်းခဲ့ရသည့် အခွန်ပေါင်း | တစ်ယူနစ်ကျသင့် အခွန်ငွေ | မှတ်ချက် |
|---|---|---|---|---|---|---|
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) |
| စာရင်းဖွင့်ကုန်လက်ကျန်<br>**နှစ်အတွင်းဝယ် -**<br>( - - )ရက်နေ့<br>( - - )ရက်နေ့ | | | | | | |
| စုစုပေါင်း ----- | | | | | | |
| ရောင်းချပြီးသည့် ကုန်/ ဆောင်ရွက်ပြီးဝန်ဆောင်မှု | | | | | | |
| စုစုပေါင်း ----- | | | | | | |
| ပျက်စီးကုန် | | | | | | |
| ကုန်လက်ကျန် | | | | | | |

**ရယူခဲ့ပြီးဝန်ဆောင်မှုအတွက် ခုနှိမ်ရန်**

| ဝန်ဆောင်မှုအမျိုးအစား | ရေတွက်ပုံ | ဝန်ဆောင်မှု အကြိမ် | ဝန်ဆောင်မှု ရငွေ | ပေးသွင်းခဲ့ရသည့် အခွန် | တစ်ယူနစ်ကျသင့် အခွန်ငွေ | မှတ်ချက် |
|---|---|---|---|---|---|---|
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) |
| | | | | | | |
| စုစုပေါင်း ----- | | | | | | |

အထက်တွင်ဖော်ပြထားသော အချက်အလက်များသည် ကျွန်ုပ်ယုံကြည်သိရှိသမျှ မှန်ကန်ကြောင်း ဝန်ခံပါသည်။

လက်မှတ်----------------------------------------
အမည်-------------------------------------------
လုပ်ငန်းအမည်---------------------------------
မှတ်ပုံတင်အမှတ်-------------------------------

မှတ်ချက်။ ရောင်းချပြီးသည့် ကုန်ပမာဏ/ဆောင်ရွက်ပြီးဝန်ဆောင်မှုအတွက်သာ ခုနှိမ်ရမည်။ ပျက်စီးသွားသည့် ကုန်စည်များအတွက် ပေးသွင်းခဲ့ရသည့် အခွန်ပမာဏကို ခုနှိမ်ခွင့်မပြု။ ခုနှိမ်ငွေသည် ကုန်စည်ပြန်လည်ရောင်းချခြင်း/ ဝန်ဆောင်မှုအပေါ် ကျသင့်သည့်အခွန်ထက် မပိုစေရ ။

| |
|---|
| ၂၀၁၈ ခုနှစ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ ပုဒ်မ၃၈၉ အရ<br>နိုင်ငံသားတိုင်းသည် ဥပဒေအရ ပေးဆောင်ရမည့် အခွန်အကောက်များကိုပေးဆောင်ရန် တာဝန်ရှိသည်။ |

ပတခ(ကသခ)-၂။

**ကုန်စည်ထုတ်လုပ်သူ သို့မဟုတ် ကုန်သွယ်မှုဆောင်ရွက်သူ သို့မဟုတ် ဝန်ဆောင်မှု ဆောင်ရွက်သူအား မှတ်ပုံတင်ခွင့်ပြုကြောင်း ထုတ်ပေးသည့်လက်မှတ် (စည်းမျဉ်း ၄ ညွှန်း)**

**စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန**
**ပြည်တွင်းအခွန်များဦးစီးဌာန**

---------------------------------မြို့နယ်

---------------------- ပြည်ထောင်စုနယ်မြေ/ တိုင်းဒေသကြီး/ ပြည်နယ်/ ---------------------

မှတ်ပုံတင်လက်မှတ်အမှတ်စဉ်- - - - - - - - - - - - - - - - - - - - - - ရက်စွဲ - - - - - - - - - - - - - -

ကုန်စည်ထုတ်လုပ်သူ သို့မဟုတ် ကုန်သွယ်မှုဆောင်ရွက်သူ သို့မဟုတ် ဝန်ဆောင်မှုဆောင်ရွက်သူ

လုပ်ငန်းရှင်/ ကုမ္ပဏီ အမည် - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - -

နိုင်ငံသားစိစစ်ရေးအမှတ်/ ကုမ္ပဏီမှတ်ပုံတင်အမှတ် - - - - - - - - - - - - - - - - - - - - - - - - - - - - - -

လိပ်စာ - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - -

၁။ အောက်ဖော်ပြပါ - - - ကုန်စည်/ကုန်သွယ်မှု/ဝန်ဆောင်မှု - - - (များကို)- - - ထုတ်လုပ်/ကုန်သွယ်မှု/ဝန်ဆောင်မှုဆောင်ရွက် - - -သူ ဦး/ဒေါ် - - - - - - - - - သို့ မှတ်ပုံတင် ခွင့်ပြုကြောင်းလက်မှတ်ကို ကုန်သွယ်လုပ်ငန်းခွန်စည်းမျဉ်း ၄ အရ ထုတ်ပေးလိုက်သည်။

- - - ထုတ်လုပ်/ကုန်သွယ်မှု/ဝန်ဆောင်မှုဆောင်ရွက် - - - သည့် - - - ကုန်စည်/ကုန်သွယ်မှု/ဝန်ဆောင်မှု - - - (များ) - - - - - - - - - - - - - - - - - - - - - - - - - - - -

၂။ မှတ်ပုံတင်ခွင့်ပြုကြောင်း ထုတ်ပေးသောလက်မှတ်သည် အောက်ဖော်ပြပါနေရာ၌ လုပ်ကိုင်ဆောင်ရွက်သော လုပ်ငန်းအတွက်ဖြစ်သည်။

လုပ်ငန်းအဓိကတည်ရှိရာနေရာ - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - -
- - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - -

လုပ်ငန်းခွဲများ

(၁) - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - -

(၂) - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - -

၃။ လုပ်ငန်းရပ်စဲလျှင် ရပ်စဲသည့်နေ့အထိ စည်းကြပ်ရန်ရှိသော ကာလအတွက် ကြေညာလွှာကို ရပ်စဲသည့်နေ့မှ ၁၅ရက်အတွင်း မြို့နယ်အခွန်ဦးစီးဌာနမှူးထံသို့ ဤမှတ်ပုံတင်လက်မှတ်နှင့်အတူ ပေးပို့ရမည်။

၄။ ဤမှတ်ပုံတင်လက်မှတ် သို့မဟုတ် လက်မှတ်မိတ္တူများကို လုပ်ငန်းဥပစာအသီးသီးတွင် အများမြင်သာအောင် ချိတ်ဆွဲထားရမည်။

၅။ ဤလက်မှတ်သည် - - - - - - - -ခုနှစ်၊ မတ်လ ၃၁ ရက်နေ့တွင် ကုန်ဆုံးသောနှစ်အထိသာ အတည်ဖြစ်သည်။

၆။ - - - - - - - ခုနှစ်၊ - - - - - - - - လ - - - - ရက်နေ့တွင် ရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ရုံးတံဆိပ်

လက်မှတ် - - - - - - - - - - - - - - - -
မြို့နယ်အခွန်ဦးစီးဌာနမှူး

ရက်စွဲ - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - -မြို့နယ်